ETHNIC ARMED ORGANIZATIONS CONFERENCE
LAIZA

# တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၏
# ကွန်ဖရင့်ကြီးမှ ထုတ်ပြန်ကြေညာချက်

နေ့စွဲ - ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၂) ရက်
နေရာ - လိုင်ဇာမြို့ ၊ KIO ဌာနချုပ်

၁။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ(၁၇)ဖွဲ့မှ ကိုယ်စားလှယ်များနှင့်လေ့လာသူများ စုစုပေါင်း (၁၀၂)ဦး တက်ရောက်သောကွန်ဖရင့်ကြီးကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ(၃၀)ရက်နေ့မှ နိုဝင်ဘာလ (၂)ရက်နေ့အထိ ကေအိုင်အို၏ ဌာနချုပ် လိုင်ဇာမြို့တွင် အောင်မြင်စွာ ကျင်းပ ပြုလုပ်နိုင်ခဲ့သည်။

၂။ ဤကွန်ဖရင့်ကြီးသည် နှစ်ပေါင်း(၆၀)ကျော်ကြာ ဖြစ်ပွားနေသောပြည်တွင်းစစ် ချုပ်ငြိမ်းရေးနှင့် တိုင်းပြည်၏ အရင်းခံပြဿနာဖြစ်သည့် နိုင်ငံရေးပြဿနာရပ်ကို နိုင်ငံရေးနည်းဖြင့် တွေ့ဆုံဆွေးနွေး အဖြေရှာနိုင်ရေး အတွက် အဓိကရည်ရွယ် ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။

၃။ ပြည်တွင်းငြိမ်းချမ်းရေးနှင့် နိုင်ငံရေးပြဿနာများအား တွေ့ဆုံဆွေးနွေးရေးနည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက် နေသည့်အချိန်တွင် တိုင်းရင်းသားနယ်မြေများအတွင်း မြန်မာ့တပ်မတော်မှ ထိုးစစ်ဆင်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်နေခြင်းတို့ကြောင့် တွေ့ဆုံဆွေးနွေးရေးဖြစ်စဉ်အား အဟန့်အတားဖြစ်စေနိုင်သည်ဟု ဤကွန်ဖရင့်ကြီးအတွင်း အလေးအနက်ထား ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။

၄။ ကွန်ဖရင့်ကြီးတွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာသဘောတူညီချက် လက်မှတ်ရေးထိုးရေးနှင့် ပတ်သက်ပြီး တက်ရောက်လာကြသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များမှ ကိုယ်စားလှယ် များသည် အပြန်အလှန် အကြေအလည် ညှိနှိုင်းဆွေးနွေးကြပြီး **တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့များ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာဘုံသဘောထားရပ်တည်ချက်** (၁၁)ချက်ကို ချမှတ် ခဲ့ကြပါသည်။

၅။ ထိုဘုံသဘောထားရပ်တည်ချက်များကို ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားရန်အတွက် "**တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့**" ကို အဖွဲ့ဝင်(၁၃)ဦးဖြင့် ဖွဲ့စည်းခဲ့ကြသည်။

၆။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ဘုံသဘော ထားရပ်တည်ချက်(၁၁)ချက်ကို ကွန်ဖရင့်ကြီးသို့ တက်ရောက်လာကြသောအဖွဲ့အစည်းအသီးသီး၏ ခေါင်းဆောင် များနှင့် အသိသက်သေများက အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြပါသည်။

၇။ ထို့ကြောင့် ဤကွန်ဖရင့်ကြီးသည် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအတွင်း စည်းလုံး ညီညွတ်ရေးကို အခိုင်အမာ တည်ဆောက်နိုင်သောကွန်ဖရင့်ကြီးဖြစ်ကြောင်း အလေးအနက် ထုတ်ပြန်ကြေငြာ အပ်ပါသည်။

ဆက်သွယ်ရန် - ဗိုလ်ကွယ်ထူးဝင်း (+၉၅) ၉၄၂၂၁၉၁၉၄၁
- နိုင်ဟံသာ (+၆၆) ၈၀၅၀၃၁၀၈၄၉
- ဗိုလ်ချုပ်ဂွန်မော် (+၈၆) ၁၃၅၇၈၂၀၀၅၄၃